ပေါ်အခြေအနေတုန့်ပြန်မှုအစီအစဉ်များ၊ ကျန်းမာရေးအရေးပေါ်အခြေအနေ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ မိုင်းပိတ်သိမ်းမည့်အစီအစဉ်အနေဖြင့် ပိတ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဏ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအား တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများနှင့် အနီးအနားရှိ စီမံကိန်း နှင့် ဆက်စပ်သည့်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှု ရလဒ်များ၊ မှတ်တမ်းဓါတ်ပုံများအား ဖော်ပြထားကြောင်း၊

(တ) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ နှင့် ပိတ်သိမ်းခြင်းကာလများ စသည့်အချိန်တို့တွင် ဖြစ်ပေါ်နိုင်သော လေထုညစ်ညမ်းမှုအခြေအနေပေါ် မူတည်၍ တစ်နှစ်တစ်ကြိမ် တိုင်းတာစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆူညံသံနှင့် တုန်ခါမှုများအား တစ်နှစ်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်ကြောင်း၊ စွန့်ပစ်ရေ တစ်နှစ်တစ်ကြိမ်၊ အဝီစိတွင်းရေအား တစ်နှစ်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်နှင့် အခိုးအငွေ့)များအား လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မြေအရည်အသွေးအား တစ်နှစ်တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(ထ) ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျှော့ချမည့် လုပ်ငန်းစဉ်များနှင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ကြည့်ရှုရန်အဖွဲ့ ဖွဲ့စည်းထားကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလျာထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေလျာထားကြောင်း နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက်လည်း ရန်ပုံငွေလျာထားဆောင်ရွက်မည်ဖြစ်ကြောင်း။

၃။ သို့ဖြစ်ပါ၍ တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြိုးဝိုင်းအတွင်းရှိ လုပ်ကွက်အမှတ် (SBM-316) (၂၀)ဧကကျယ်ဝန်းသော ခန့်မှန်းမြေပုံညွှန်း 83P/9(A-265664,B-266674, C-267674,D-266664) လုပ်ကွက်တွင် ရွှေသတ္တုထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါကြောင်း အစီရင်ခံစာပါ ထိခိုက်မှုလျှော့ချရေးအစီအစဉ်များကို တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများ လျှော့ချနိုင်မည်ဖြစ်သဖြင့် အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် အောက်ဖော်ပြပါ အချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည် -

(က) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်း ကိုယ်စားလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်း ဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲ